BURMESE

မေလ 13 ရက်၊ 2024

## Sagamore Hills Elementary မူလတန်းကျောင်းသည် လသစ်ပင် စိုက်ပျိုးခြင်း အားဖြင့် '*Green Kind* အတွက် ကြီးမားသော ခြေလှမ်းကျယ်တစ်ခုအား လှမ်းခုန်ရောက်ရှိနိုင်ခဲ့

*၎င်းသည် ဤကမ္ဘာမြေမှ အလှမ်းယူရရှိရန် ခက်ခဲသော NASA ၏ ဤလှူဒါန်းမှုအား လက်ခံရရှိခဲ့သည့် တစ်ခုတည်းသော Georgia စာသင်ကျောင်း ဖြစ်ပေသည်။*

လပေါ်သို့ ရောက်ရှိခဲ့ဖူးသည့် အပင်တစ်ပင်အား စိုက်ပျိုးနိုင်ခွင့်သည် နေ့စဉ် လူတိုင်း ရရှိနိုင်သော အခွင့်အရေးတစ်ရပ် မဟုတ်ပေ။ သို့သော်လည်း စာသင်ခန်းထက်ကျော်လွန်ပြီး အာကာသထဲထိ တွေးခေါ်စဉ်းစားကာ ရှေ့တန်းမှ လှုပ်ရှားပေးခဲ့သည့် ဆရာတစ်ဦး၏ ကျေးဇူးကြောင့်ဂှာ Sagamore Hills Elementary မူလတန်းမှ ကျောင်းသားများသည် ဤအခွင့်အရေးအား ရရှိခဲ့ပေသည်။

Sagamore Hills Elementary မူလတန်းကျောင်းသည် မကြာသေးမီက NASA ထံမှ တမူထူးခြားသော လက်ဆောင်တစ်ခုအား လက်ခံရရှိခဲ့ပေသည် - ၎င်းမှာ "လသစ်ပင်" ပင် ဖြစ်သည်။ စာသင်ကျောင်းမှ STEM ဆရာမဖြစ်သူ Mrs. Stephanie Spencer သည် NASA ၏ STEM ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ရုံးခန်းသို့ လျှောက်ထားပြီးသည့်နောက် မေလ 2 ရက်နေ့တွင် စာသင်ကျောင်းသည် ၎င်း၏ကျောင်းမြေပေါ်၌ လော်ဘလော်လီ ထင်းရှူးနွယ်ဝင် အပင်အား စိုက်ပျိုးနိုင်ခဲ့ပါသည်။ လျှောက်ထားသူ ရာနှင့်ချီရှိသည့်ထဲမှ Sagamore Hills သည် ဤတမူထူးခြားသော အပင်အား လက်ခံရရှိခဲ့သူ တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပြီး၊ Georiga အတွင်းတွင်မူ ၎င်းအပင်အား လက်ခံရရှိခဲ့သည့် တစ်ခုတည်းသော ပညာရေးဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပါသည်။

"ကျွန်ုပ်တို့ရဲ့ STEM ပရိုဂရမ်ကို တိုးချဲ့ဆောင်ရွက်လာတာနဲ့အမျှ ဒီအရာဟာ ကျွန်ုပ်တို့ ကျောင်းသားတွေအတွက် အရမ်းကောင်းမွန်တဲ့ သင်ယူလေ့လာမှု အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်" ဟု Sagamore Hills ၏ ကျောင်းအုပ်ဖြစ်သူ Dr. Karen Williams မှ ဆိုသည်။

Artemis I Moon Tree လသစ်ပင်သည် နိုဝင်ဘာလ 16 ရက်၊ 2022 မှ ဒီဇင်ဘာလ 11 ရက်၊ 2022 အာကာသ ခရီးစဉ် မစ်ရှင်တစ်ခုအတွင်း လအား လပတ်လမ်းအတိုင်း လှည့်ပတ်ခဲ့သော အစေ့တစ်စေ့မှ ပျိုးယူစိုက်ပျိုးထားခြင်း ဖြစ်သည်။ NASA အဆိုအရမူ ၎င်းသစ်စေ့များသည် ကမ္ဘာမြေပေါ်မှ Orion အာကာသယာဉ်အား စီးနင်းကာ ခရီးစဉ် မိုင်ပေါင်း 270,000 အား လည်ပတ်ခဲ့သော သစ်စေ့များ ဖြစ်ပေသည်။ သစ်ပင်မျိုးစေ့ မျိုးစုံသည် လမျက်နှာပြင်အနီးတစ်ဝိုက် ပျံသန်းခဲ့ကြခြင်း ဖြစ်သည်။ ပျိုးပင် ပထမအသုတ်အား ပြည်နယ် 48 ခုမှ အဖွဲ့အစည်း 50 နီးပါးထံသို့ သင်္ဘောတင်ပို့ခဲ့သည်။

"ဒါဟာ NASA ရဲ့ STEM လှုပ်ရှားမှု တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်၊ ဒ့ါအပြင် ကျွန်မတို့ရဲ့ STEM ပရိုဂရမ် အစီအစဉ်ဟာလည်း လက်တွေ့ ပြဿနာ ဖြေရှင်းမှု ကိစ္စရပ်တွေမှာ ကလေးတွေလည်း ပါဝင်လုပ်ဆောင်နိုင်စေဖို့ စီစဉ်လည်ပတ်လျက်ရှိပါတယ်၊" ဟု Mrs. Spencer မှ ပြောကြားခဲ့သည်။ "ကလေးတွေဟာ ဒီသစ်ပင်ကို စောင့်ကြည့်သွားကြမှာ ဖြစ်ပါတယ်၊ နောက်နှစ်ကစပြီး ကလေးတွေဟာ လစဉ် ဒီအပင်ကို တိုင်းတာကြမှာ ဖြစ်ပါတယ်၊ ပြီးတော့ နွေရာသီကာလတစ်လျှောက်မှာတော့ ကျွန်မက ဂရုစိုက်ထိန်းသိမ်းပေးသွားမှာပါ။ သူတို့လေးတွေရဲ့ လဂျာနယ်တွေမှာ တိုးတက်မှုအခြေအနေတွေကို မှတ်တမ်းထိန်းသိမ်းသွားရမှာ ဖြစ်ပါတယ်၊ ပြီးတော့ သူတို့ ဂရိတ် ပဥ္စမတန်းကို ပြီးမြောက်သွားတဲ့အထိ ဒီဂျာနယ်တွေကို သူတို့ ထိန်းသိမ်းထားကြရမှာ ဖြစ်ပါတယ်။"

စာသင်ကျောင်းရှိ ဂရိတ်အတန်းများ အားလုံးသည် အပင်များနှင့်ပတ်သက်သော သင်ရိုးညွှန်းတမ်းတွင် ပါဝင်ကြရပြီး၊ အချို့သည်လည်း အာကာသအကြောင်း သင်ယူကြရသည်။ ဤစီမံချက်သည် ပြဿနာဖြေရှင်းမှုအပေါ် အခြေခံသော သင်ယူလေ့လာမှုတစ်ခု ဖြစ်ရုံသာမက ဗဟုသုတဖြန့်ကျက် ကျယ်ပြန့်စေသော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခုလည်း ဖြစ်ပေသည်။

"ဒီပရောဂျက်ကို အသုံးပြုပြီး အပင် တိုင်းတာမှုတွေကနေတစ်ဆင့် သင်္ချာကို အသုံးချနိုင်မှာ ဖြစ်တယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့ STEM ပရိုဂရမ်ကို ကြီးထွားလာစေဖို့ နောက်ထပ် အလွှာတစ်ထပ်လည်း ဖြစ်ပါတယ်" ဟု Dr. Williams မှ ပြောကြားခဲ့သည်။ "ဒီပရောဂျက်ကို ဆက်လက်ဆောင်ရွက်သွားဖို့ ကျွန်ုပ်တို့ စီစဉ်ထားတဲ့အပြင် အပင်ရဲ့ ကြီးထွားမှုအခြေအနေကို စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။"

NASA သည် လသစ်ပင်အပြင် STEM ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ သင်ခန်းစာ ထောက်ပံ့ပစ္စည်းများအားလည်း စာသင်ကျောင်းသို့ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ NASA သည် 2024 နွေရာသီတွင် စတင်မည့် သုံးလတစ်ကြိမ် ဗာကျူရယ်နည်းလမ်းဖြင့် စုဝေးတွေ့ဆုံမှုများတွင် ပါဝင်ရန် Sagamore Hills အား ဖိတ်ကြားမည် ဖြစ်ပြီး၊ အဆိုပါ စုဝေးတွေ့ဆုံပွဲတွင် K-12 သင်ယူလေ့လာသူများနှင့် အများပြည်သူလူထုတို့နှင့်အတူ ညှိနှိုင်းပါဝင်ဆောင်ရွက်ရန် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို မျှဝေပေးသွားမည် ဖြစ်သည်။

"ဒီအတွေ့အကြုံဟာ ဒီတစ်ရက်တည်းအတွက်သာမက အမြဲကျန်ရှိနေမယ့် အမှတ်တရတစ်ခု၊ စိတ်ဝင်စားမှုတစ်ခုဖြစ်ဖို့ မျှော်လင့်မိပါတယ်၊" ဟု Dr. Williams မှ ပြောကြားခဲ့သည်။

XXX